အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁)ရက်
၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၂၃)ရက်

## ကြေညာချက်အမှတ် – ၃/၀၁/၀၈

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၁၁–၁–၀၈ နေ့တွင် ကျင်းပသော အစည်းအဝေး ဆုံးဖြတ်ချက်အရ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ထံသို့ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ (၁၄) ရက်နေ့၌ ပေးပို့ခဲ့သည့် စာပါအကြောင်းအရာများကို သိသာရန် ထုတ်ပြန်လိုက်ပါ သည်။

“(စ)” အကြောင်းအရာ။ ။ <u>အမျိုးသားပြန်လည်သင့်မြတ်ရေး</u>

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံးပြန်လည်သင့်မြတ်ရေး၊ အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကို ရှေးရှုရေးမူတို့ကို စွဲကိုင်ထားသည်နှင့် အညီတွေ့ဆုံဆွေးနွေးရေး ကို တစဉ်တစိုက် ကြိုးပမ်းလျက်ရှိသောကြောင့် အောက်ပါအကြံပြုချက်များကို ပေးပို့အပ်ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) သည် ၁၉၈၉ ခုနှစ် မေလ (၃၁) ရက်နေ့တွင် ဥပဒေအမှတ် – ၁၄/၈၉ ဖြစ်သော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၈၉ ခုနှစ် ဇူလိုင်လ (၅) ရက်နေ့တွင် ကာကွယ်ရေး ဝန်ကြီးဌာန၊ ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များအား ရှင်းလင်းပြောကြား ရာတွင်လည်း–

> “ ××× **(constitution)** အသစ်ဆွဲချင်သလား၊ ဆွဲလို့လဲ ကျွန်တော်တို့ပြောတယ်။ ××××× ဘယ် **(constitution)** ကိုယူမလဲ၊ နိုင်ငံတစ်ခုရှိရင် အစိုးရတစ်ခုရှိရမယ်။ သူ့မှာ အခြေခံ **(constitution)** ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ရှိရမယ်။ ဘယ်ဟာကို **(recognize)** လုပ်မလဲ၊ **(amendment)** လုပ်မလား၊ ဘာ ညာ ဒါတွေကတော့ ပါတီတွေ စဉ်းစားကြရမယ့်ကိစ္စဗျ။ ×××”

ဟု ပြောကြားခဲ့ပါသည်။ တစ်ဖန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၉၀ ပြည့်နှစ်မေလ (၁၀) ရက်နေ့တွင် ကာကွယ် ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ တိုင်းမှူး၊ တပ်မမှူး များအား တွေ့ဆုံ ပြောကြားရာတွင်၊

> “××× မိမိတို့ လက်ရှိရည်မှန်းချက်မှာမူ ရွေးကောက်ပွဲကို သတ်မှတ်ချက်အတိုင်း ကျင်းပရန်ဖြစ်၍ အဆိုပါ ပုဂ္ဂိုလ်ပြောဆိုသော အခြေခံဥပဒေကိစ္စကို မစဉ်းစားနိုင်သေးကြောင်း၊ ထို့အပြင် ၎င်းကိစ္စမှာ မိမိတို့အပိုင်းလည်း မဟုတ်ကြောင်း၊ ဤကိစ္စသည် တစ်နေ့တစ်ချိန်တွင် တရားခံဖြစ်နိုင်ကြောင်း၊ အခြေခံ ဥပဒေအသစ်ကို ရေးချင်ရင် လည်း ရေးနိုင်ကြောင်း အဟောင်းကို ပြင်၍ သုံးမည်ဆိုပါကလည်း သုံးနိုင်ကြောင်း။”

ဟု ထပ်မံပြောကြားခဲ့ပါသည်။

ထို့နောက် အာဏာပိုင်များက ၁၉၉၀ ပြည့်နှစ် မေလ (၂၇) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကို အောင်မြင်စွာ ကျင်းပပေးခဲ့ပါသည်။ ထိုရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်ကြောင်း အာဏာပိုင်များကလည်း မကြာခဏ ပြောကြားခဲ့ပြီး ဖြစ်ပါသည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၁၉၉၀ ပြည့်နှစ် ဇူလိုင် လ (၃) ရက်နေ့တွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေးတွင်

> “××× ပါတီစုံရွေးကောက်ပွဲပြီးရင် ဘာလုပ်ကြမလဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဖို့ပဲ ဖြစ်တယ်။ ဒီကိစ္စ ကိုယ့်အနေနဲ့ ၅–၇–၈၉ ရက်နေ့က ပြောတဲ့အထဲမှာ ပါပါတယ်။ နဝတ ကမရေးဘူးဆိုတာ ပြောပြီးပြီပဲ။ တရားခံလဲ အဖြစ်မခံနိုင်ဘူး။ ×××”
>
> “××× အခြေခံ ဥပဒေကို အရွေးခံရတဲ့ ပါတီအဖွဲ့အစည်းတွေက လွှတ်တော်ကိုယ်စားလှယ်တွေ ညှိနှိုင်းပြီး လုပ်ကြရမယ့်ကိစ္စ။ ×××”

ဟု ထပ်မံ၍ တိုင်းပြည်သို့ ကတိကဝတ်ပြုခဲ့ပါသည်။

ဎင်းပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ (၂၇) ရက်နေ့တွင် ကြေညာချက်အမှတ် – ၁/၉၀ ကို ထုတ်ပြန်ခဲ့ပါသည်။ ဤကြေညာချက်– ၁/၉၀ ပါအချက်များကို လိုက်နာပါမည်ဟုလည်း နိုင်ငံရေးပါတီများအား အာဏာပိုင်တို့ကခေါ်ယူ၍ ဝန်ခံချက်လက်မှတ်ရေးထိုးစေပါသည်။ ကြေညာချက် ၁/၉၀ ကို မလိုက်နာပါက နိုင်ငံရေးပါတီများအား ဖျက်သိမ်းခြင်းခံရမည် ဟူသော အချက် ပါရှိပါသည်။ ယင်းကြေညာချက် အပိုဒ် – ၂၀ တွင်၊

> “××× ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ် ဒီမိုကရေစီ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်။ ×××”

ဟုအတိအလင်း ဖော်ပြခဲ့ပါသည်။ ဤသည်မှာ တိုင်းပြည်နှင့် ပြည်သူလူထုအား အထက်တွင်ဖော်ပြခဲ့သော ရွေးကောက်ပွဲ မတိုင်မီနှင့် ရွေးကောက်ပွဲကျင်းပပြီးနောက် အာဏာပိုင်တို့က ပေးခဲ့သောကတိကဝတ်များကို ပိုမိုခိုင်မာစေရန် ရည်ညွှန်းခြင်း ဖြစ်ပါသည်။

သို့ပါ၍ နိုင်ငံသားများက မိမိတို့၏ လွတ်လပ်သောစိတ်ဆန္ဒအရ နိုင်ငံ၏ အရေးအရာများကို ဆောင်ရွက်ရန် ဎင်းတို့ကိုယ်စား ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မည့် အစီအမံများကို အာဏာပိုင်များက ခင်းကျင်းပေးရန် အထူးလိုအပ်ပါသည်။ ထို့ကြောင့် တိုင်းပြည်အတွက် အရေးကြီးသည့် ကိစ္စရပ်များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်သူများ အားလုံး (all inclusive) ပူးပေါင်း ပါဝင်ခွင့်ရပြီး ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးကြ၍ ညီညီညွတ်ညွတ် လုပ်ဆောင်ကြရန် အရေးကြီး ပါသည်။

ဎင်းပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ငန်းစဉ်များ ဆက်သွယ်ဆောင်ရွက်ရန် အတွက် အာဏာပိုင်များက ကြေညာချက်အမှတ် – ၂/၂၀၀၇ ကို ထုတ်ပြန်၍ ဆက်ဆံရေးဝန်ကြီးအဖြစ် ဦးအောင်ကြည်ကို တာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုကဲ့သို့ ကြေညာချက်ထုတ်ထားပါသဖြင့် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသော Globalization ခေတ်ကြီးတွင် တန်ဖိုးရှိသော အချိန်များကို အချည်းနှီးမဖြစ်စေရန် အချိန်ကာလ သတ်မှတ်၍ တွေ့ဆုံဆွေးနွေးသင့်ပါသည်။ တွေ့ဆုံဆွေးနွေး ညှိနှိုင်း အဖြေရှာခြင်း စောစောအောင်မြင်လေ တိုင်းပြည်နှင့် ပြည်သူလူထု မြန်မြန် အကျိုးရှိလေ ဖြစ်ပါသည်။

ထို့ကြောင့် စည်းလုံးညီညွတ်မှု ရရှိစေမည့် တိုင်းပြည်၏လက်ရှိ အခြေအနေများအရ အထူးလိုအပ်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြရန် ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးညှိနှိုင်း အဖြေရှာကြမှသာလျှင် နိုင်ငံရေးတည်ငြိမ်ပြီး စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါသည်။ ဤသို့ အကြံပြုရခြင်းမှာ–

(က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မိမိတို့ကိုယ်တိုင်ပြဋ္ဌာန်းထားသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေနှင့် မိမိတို့ကိုယ်တိုင် ထုတ်ပြန်ထားသော ကြေညာချက် – ၁/၉၀ တို့ကို လေးစားလိုက်နာရာ ကျစေရန်၊

(ခ) ဤအကြံပြုချက်ကို လက်ခံလိုက်ခြင်းအားဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး အဆင့်ဆင့်အတွက်လည်း အထောက်အကူဖြစ်စေရန်၊

(ဂ) နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ယုံကြည်မှု ရှိလာစေရန်၊

(ဃ) ၁၉၉၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တစ်ခဲနက် ဖော်ပြခဲ့သော မဲဆန္ဒရှင် ပြည်သူလူထု၏ ဆန္ဒသဘောထားများကို တစ်နည်းတစ်ဖုံ အကောင်အထည်ဖော်ပေးရာ ရောက်သဖြင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကောင်းသောသာဓကကို သမိုင်းတွင် ကျန်ခဲ့စေရန်၊

(င) မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ၊ ကုလသမဂ္ဂ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်ပါ အချက်များကို လိုက်နာသည့် လုပ်ရပ်တစ်ခုအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ဆောင်ရွက်ပေးကြောင်း ထင်သာမြင်သာစေရန်၊

စသည့်ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် နိုင်ငံရေးအရလည်းကောင်း၊ တရားဝင်ပြဋ္ဌာန်းထားသည့် ဥပဒေအရ လည်းကောင်း၊ ကျင့်ဝတ်သိက္ခာအရလည်းကောင်း၊ တပ်မတော်၏ သမိုင်းအစဉ်အလာအရလည်းကောင်း၊ နိုင်ငံတကာ စံနှုန်းများအရလည်းကောင်း ဖြစ်သင့်ဖြစ်ထိုက်သော လုပ်ငန်းစဉ်ကို စိတ်ရင်းစေတနာမှန်ဖြင့် ရိုးသားပွင့်လင်းစွာ အကြံပြုခြင်း ဖြစ်ပါသည်။

၁၁ – ၁ – ၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ “(ဆုံး)”

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့